# သင့်ကလေး ကျန်းမာနေစေရန် အစီအစဉ်ဆွဲခြင်း

## အခြားသူများကို အားပေးပါ

အခြားသူများကို ၎င်းတို့ ဆေးလိပ်ဖြတ်လိုစိတ်ရှိလျှင် ဆေးလိပ်/အီး-စီးကရက် ဖြတ်ရန် ကူညီပေးပါ။ ဆေးလိပ် ဖြတ်ခြင်းက ကိုယ်ပိုင် ရွေးချယ်မှု ဖြစ်သော်လည်း ၎င်းတို့ကို ပံ့ပိုးကူညီ၍ အားပေးခြင်းဖြင့် ဆေးလိပ်ဖြတ်နိုင်ရန် ကူညီပေးနိုင်သည်။

## ကလေးများသည် တစ်ဆင့်ခံ သို့မဟုတ် နှစ်ဆင့်ခံ ဆေးလိပ်ငွေ့/အီး-စီးကရက်ငွေ့နှင့် မည်သို့ ထိတွေ့မိသနည်း။

ကလေးများသည် အောက်ပါနေရာများတွင် တစ်ဆင့်ခံ ဆေးလိပ် သို့မဟုတ် အီး-စီးကရက်မှထွက်သည့် အငွေ့နှင့် ထိတွေ့မိနိုင်သည်

- သင့်အိမ် သို့မဟုတ် ကားထဲတွင်
- ပြည်သူပိုင်နေရာများတွင်
- ပြုစုစောင့်ရှောက်ပေးသူ သို့မဟုတ် ဆွေမျိုးတစ်ဦး၏ အိမ်တွင်
- ပန်းခြံမား သိမဟတ် ကစားကင်းမားတင်

အောက်ပါအချိန်များတွင် မွေးကင်းစကလေးများနှင့် ကလေးများသည် နှစ်ဆင့်ခံ ဆေးလိပ်ငွေ့/အီး-စီးကရက်ငွေ့နှင့်

- ဆေးလိပ်ငွေ့များ ကပ်ကျန်နေသော ကြမ်းပြင်များနှင့် ပရိဘောဂတို့အပေါ်တွင် တွားသွား၍ ကစားကြသည့်အခါ
- နှစ်ဆင့်ခံ ဆေးလိပ်ငွေ့ အကြွင်းအကျန်စွဲနေသည့် ပစ္စည်းများကို ထိတွေ့၊ ကိုင်တွယ်၊ ဝါးစားသည့်အခါ
- အဝတ်အစား၊ ဆံပင်နှင့် အရေပြားတွင် နှစ်ဆင့်ခံ ဆေးလိပ်ငွေ့/ အီး-စီးကရက်ငွေ့မှ ဓာတုပစ္စည်းများ ကပ်ကျန်နေသည့် လူကြီးများက ပွေ့ဖက်သည့်အခါ



## ထိတွေ့မှုကို ကာကွယ်ခြင်း

- သင့်အိမ် သို့မဟုတ် ကားထဲတွင် ဆေးလိပ်သောက်ခြင်း/ အီး-စီးကရက် သောက်ခြင်းကို ခွင့်မပြုပါနှင့်။
- သင့်ကလေးကို ဆေးလိပ်/အီး-စီးကရက် သောက်နေသူများရှိသော နေရာများနှင့် ဝေးရာတွင် ထားပါ။
- သင်က တိုက်ခန်းတွင် နေထိုင်ပါက အိမ်နီးနားချင်းများအား ဆေးလိပ်/ အီး-စီးကရက် မသောက်ရန် တောင်းဆိုပါ။
- ကလေးများ ကိုင်တွယ်မိနိုင်သည့် ဆေးလိပ်ငွေ့/အီး-စီးကရက် ငွေ့နှင့် ထိတွေ့ထားနိုင်သော မျက်နှာပြင်မှန်သမျှကို သန့်ရှင်းရေးလုပ်ပါ။

**McMillen Health** က ရေးသားပြုစုထားသည်